
မီးအိမ်ရှင်စာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည်
Published by the book house of the Lantern's Owner



သိန်းသန်းဦး
THEIN THAN OO

# ဒဏ်ရာရနေတဲ့အနမ်းများ

# The Kisses That Got Wounds

(အကျဉ်းထောင်တွင်း ရေးဖွဲ့ခဲ့သော ကဗျာများစုစည်းမှု)

(A Book Of Jail Poems)

ORIGINAL PAINTING : HENRY 2013,GRAPHIC DESIGN : KYAW MINN MOUNG

မီးအိမ်ရှင်စာအုပ်တိုက်မှ စီစဉ်ထုတ်ဝေသည်။
Published by the book house of the Lantern's Owner

# ဒဏ်ရာရနေတဲ့အနမ်းများ

## (ကဗျာစုစည်းမှု)


# The Kisses That Got Wounds

## (A book of poetry)

သိန်းသန်းဦး

**Thein Than Oo**

Translated by
Maung Nyi Nyutt



## ကဗျာရေးသူ၏ကိုယ်ရေးအကျဉ်း

(၁၅-၃-၁၉၅၃) ရွှေဘိုခရိုင်၊ ရေဦးမြို့တွင် ဖွားမြင်၊ ၁၉၆၉-အခြေခံပညာအထက်တန်းအောင်မြင်၊ မန္တလေးဆေးတက္ကသိုလ်တွင် ပညာသင်ကြား၊ ဒုတိယအကြိမ်နှင့် တတိယအကြိမ် မန္တလေးဆေးတက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် ကဗျာအယ်ဒီတာအဖြစ်ဆောင်ရွက်၊ ၁၉၇၃-ခုနှစ်တွင် ကျောင်းမှ ထုတ်ပယ်ခြင်းခံရ။ ၁၉၇၄၊ ၇၅၊ ၇၆ အလုပ်သမားသပိတ်၊ ကျောင်းသားသပိတ်၊ လူထုတိုက်ပွဲများတွင်ပါဝင်။ ၁၉၇၆ ခုနှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေပုဒ်မ-၅(က)(၁)အရ အလုပ်နှင့် ထောင်ဒဏ်(၇)နှစ်ချမှတ်။ ၁၉၈၀-ခုနှစ်တွင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အင်းစိန်ထောင်မှပြန်လည်လွတ်မြောက်။ ၁၉၈၁ ခုနှစ်တွင် အထက်တန်းရှေ့နေစာမေးပွဲအောင်၊ ၁၉၈၂ တွင် ရန်ကုန်တက္ကသိုလ်(စာပေးစာယူသင်တန်း)မှသိပ္ပံဘွဲ့ရရှိ။ ၁၉၈၃ ခုနှစ်မှစ၍ မန္တလေးတွင် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်။ ၁၉၈၃-၈၅ တွင် မှတ်ပုံတင်ရှေ့နေသင်တန်းအောင်မြင်။ ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံကြီးတွင် မန္တလေးရှေ့နေကြီးများအသင်းသပိတ်ကော်မတီဝင် အထက်ဗမာနိုင်ငံလုံးဆိုင်ရာသပိတ်တပ်ပေါင်းစု၏ကြွေးကြော်သံ "ခွန်းဆင့်သံ"(The call)သတင်းစာတာဝန်ခံအယ်ဒီတာအဖြစ်

ဆောင်ရွက်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု(မ. န. တ)၏တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)အဖြစ်တာဝန်ယူ၊ ၁၉၈၉–ခုနှစ်ပါတီဖျက်သိမ်းခံရချိန်တွင်တိမ်းရှောင်ပြီး မော်ကွန်းသစ်(The New Monument)၊ ဒီလှိုင်း(The Deluge)ဂျာနယ်များထုတ်ဝေ၊ ၁၉၉၀၊ နိုဝင်ဘာတွင် ဖမ်းမိပြီး၊ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကော်မတီ(N.I.S.C)ဖွဲ့စည်းမှု၊ ပတ္တနိက္ကုဇ္ဇနသပိတ်ကံဆောင်ပွဲစီစဉ်မှု၊ တပ်မတော်ပြိုကွဲစေရန် အသံသွင်းတိတ်ခွေများစီစဉ်ဖြန့်ဝေမှုဖြင့် မန္တလေးတိုင်းစစ်ခုံရုံးအမှတ်(၄)က ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ–၅(ည)ဖြင့် အလုပ်နှင့်ထောင်ဒဏ်(၁၄)နှစ်ချမှတ်။ ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီတွင် အိုးဘိုထောင်မှပြန်လည်လွတ်မြောက်လာပြီး ရှေ့နေလိုင်စင်ရုပ်သိမ်းခံရ။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးတွင် အထိန်းသိမ်းခံခဲ့ရ။ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ရှေ့နေများကွန်ရက်(Lawyers Network)ဖွဲ့စည်းရန်ပြင်ဆင်ပြီး နိုင်ငံတကာရှေ့နေအသင်းများနှင့်ဆက်သွယ်ဆောင်ရွက်၊ ၂၀၁၂ ခုနှစ်၊ ဇွန်(၁)ရက်နေ့တွင် ရန်ကုန်မြို့တော်ဝင်နှင်းဆီခန်းမတွင် ''မြန်မာနိုင်ငံရှေ့နေများကောင်စီကိုလွတ်လပ်စွာဖွဲ့စည်းခွင့်ရရေး'' စာတမ်းဖတ်ကြား။

ရွှေကံနဝေ၊ ရုပ်ရှင်တေးကဗျာ၊ ပိတော်ပွင့်သစ်၊ Icon မဂ္ဂဇင်း၊ News Watch၊ လျှပ်တစ်ပြက်၊ မော်နီတာဂျာနယ်များတွင် ''မင်းချမ်းငြိမ်း''အမည်ဖြင့် ကဗျာ၊ အက်ဆေး၊ ဝတ္ထုတိုနှင့်ဆောင်းပါးများရေးသားခဲ့။ ''ကောင်းကင်''အင်တာနက်မဂ္ဂဇင်းတွင် ''တာကောဒီ''အမည်ဖြင့် ရေးသားခဲ့။

မြန်မာနိုင်ငံစာရေးဆရာများသမဂ္ဂ(မန္တလေး)တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိ။

## Biograpy of the poet

Born on the 15th March of 1953 in Ye U, the district of Shwe Bo. Passed the Basic Education High School. Studied at the Medical college of Mandalay. The poetry editor of the second and third annual magazines of the Medical college of Mandalay. Expelled from the college in 1973. Participated actively in the worker strikes, students strike and people strikes in 1974-75-76. Setenced for seven years in prison by the act of 5(a)(1). Released him from the Insein prison by the general amnesty. Passed H.G.P in 1981. Get. B.Sc degree from the the University of Rangon (correspomdence course)in 1982. Started a career as an attorney in 1983. Passed R.L. course in 1983-85. Editor of the call, the slogan of the whole Burma multi group in the cause for democracy in 1988. Jont-secretary (2) in the muti-political group. After detetion to the party he

absconded in 1989 and published The New Monunent and The Deluge . He was arrested in November 1990 and sentenced for 14 years in prison. Released him from the Obo prison in February 2011 and his license was withdrew. Again he was detained in the saffron revolution in 2007. He prepared the lawyer Network and tried to join the international association of lawyers. He read the paper to form the council of the lawyers of Burma in the Royal Rose Hall on the first June of 2012.

Contributed poems, essays, short stories and some articles to the Ywetnu- wae, YokeShin-tae Kabya, Padauk Pwint thit, and Icon magazines, News Watch and Hlat Ta Pyet journals. He also contributed to the Kyaung Kin internet, magazine under the name of Kakawdi.

At present he is the second president of the writers union of Burma (Mandalay).

## နှုတ်ဆက်စာ

ရိုးသားခြင်းဟာ
ခိုးသားတစ်သင်းလက်ထဲမှာ
အရှက်ကွဲခံရချိန်များကို
ရည်မှန်းပါသည်။

သိန်းသန်းဦး

## The greeting word

The simplicity was
in the hands of a group of the theieves.
I dedicated to
my shameful days.

**Thein Than Oo**

# မာတိကာ
## Contents

၁။ ဆေးရုံ
Hospital ၁၅
၂။ ဒဏ်ရာရနေတဲ့အနမ်းများ
The kiss that Got wounds ၃၅
၃။ ဝံပုလွေည
Night of wolves ၆၅
၄။ တကိုယ်စာ
As much for a person ၇၅
၅။ သော့ခလောက်တစ်လုံးရဲ့ညနေ
The Evening of a Lock ၈၇

# ဆေးရုံ

# Hospital

သိန်းသန်းဦး

**Thein Than Oo**



ဘေးရဲ့

# ဓေးရုံ

(၁)

ရာဇဝင်လို အိုမင်းတဲ့
တောင်ပူစာတစ်လုံးရဲ့နဘေးမှာ
ရေမစီးတဲ့ ခဲခြစ်ကောက်ကြောင်းရှိတယ်
အဲဒီနံဘေးမှာ
အဖုံးမပါတဲ့ မှော်သေတ္တာတစ်လုံးရှိတယ်

မှော်သေတ္တာထဲမှာ . . .
ကြယ်ရောင်တွေကို မြှုပ်ထားတယ်
ဝတ်စုံပြည့် သတို့သမီးတွေကို မြှုပ်ထားတယ်
ခြေတစ်ဖက်ကျိုးနေတဲ့ အနာဂတ်ကို မြှုပ်ထားတယ်
ဒိုမိနစ်လာပီယဲရဲ့ "သုခမြို့တော်" မြှုပ်ထားတယ်
မှော်သေတ္တာထဲမှာ
ကမ္ဘာကြီးအတွက်
ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပန်းချီကား
ချန်ထားရစ်တဲ့
ကိုချိုကြီးကို မြှုပ်ထားတယ်
တန့်ဆည်သပိတ်က ကိုချိုထွန်းကို မြှုပ်ထားတယ်
သတင်းထောက်ကြီး ဦးကျော်ညွန့်ကို မြှုပ်ထားတယ်
ရွှေကူသပိတ်က ဦးကိုလေးကို မြှုပ်ထားတယ်
. . .
. . .
မြှုပ်ထားတယ် . . မြှုပ်ထားတယ်
မှော်သေတ္တာထဲမှာ
လူသေတွေထုတ်လုပ်တဲ့
ဆေးရုံတစ်ရုံမြှုပ်ထားတယ်

(၂)
သင်္ချိုင်းမြေမှာ တည်ခဲ့လို့များလားမသိ
ဆေးရုံဟာ
အစားကြူးလွန်းလှတယ်

ရှေ့တည့်တည့်က လှမ်းကြည့်ရင်

လူခေါင်းခွံပေါ် နာဇီစစ်ခမောက်ဆောင်းထားသလိုမျိုး
အမိုးခုံးခုံးတို့ ကုန်းရုံးထ
ပြတင်းပေါက်တွေက ဟောက်ပက်ပက်မျက်တွင်းတွေ
တံခါးမကြီးက
အစွမ်းကုန်ဟထားတဲ့ ပါးစပ်ပေါက်
နီရင့်ရင့် သံတိုင်တွေက
သွေးအလူလူးစွယ်သွားတွေနဲ့ .. တူ .. တူ .. နေချေသေးတော့
အပေါ်ထပ်က လှမ်းကြည့်ရင်
ခပ်ဝေးဝေး . . .
စိမ်းစိုလယ်ကွင်း . . မှိုင်းညို့တောအုပ်
ခြေတံရှည်တဲစု
ဗျိုင်းဖြူတစ်ကောင်နှစ်ကောင်ကြဲပက်ထား
နွားတချို့မြက်စားအေးအေးလူလူ
ဒီ . . သက်ငြိမ်ပန်းချီကားချပ်
ညနေ . . ညနေ . . မှုံငေး
မျက်လုံးတွေနဲ့ လှမ်းပွေ့ဖက်ကြ
အိမ်ရာရဲ့ရနံ့ကို စိတ်ကူးနဲ့လွမ်းရှိုက်ကြ
ရဲဘက်စခန်း မပြန်ချင်လို့
ဒီနေရာကနေ
ခုန်ချ အသေခံသွားသူတွေ ရှိခဲ့တယ်

ခါးလျားရှည် လှေကားနှစ်စင်းဟာ
သူ့အပေါ်နင်းဖြတ်သွားသူတွေလို
အိုမင်း . . ချိနဲ့
တကျိုးကျိုး တကျွတ်ကျွတ် ညည်းညူ
အပေါ်ထပ်နှင့်အောက်ထပ်ကို